# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၁၉ ရက်မြောက်နေ့အစီအစဉ်

# [ ၇-၈-၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **သုံးခွမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်များ ထုတ်ချေးခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများအား နှစ်စဉ်ချေးငွေဆပ်စနစ်အစား နှစ်ရှည်(၂)နှစ်ဆပ်စနစ်ဖြင့် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်၏ **မြောက်ယမားဆည် လက်ယာ တူးမြောင်း ရေသောက်ဧရိယာဧက ၉၀၀၀ စီမံကိန်း ရပ်ဆိုင်းရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၏ **ရေဝတီတိုင်းဒေသကြီး ရေကြီးရေပေါ်သောဒေသတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းအစား ရေထိန်းတံခါးပါ ရေနုတ်မြောင်း ၊ တာ၊ ဘောင်၊ လမ်းအဖြစ် စီမံကိန်းများ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော် ကော်မတီသက်တမ်းတိုးခြင်း၊ ကော်မတီအမည်ပြင်ဆင်ခြင်း၊ ကော်မတီဖျက်သိမ်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန်ပေးအပ်ခြင်းတို့ နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၇။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော **“ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **“ဆက်သွယ်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။